INTERNATIONAL ENTERPRISE SINGAPORE

# ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံ

တီထွင်ဆန်းသစ်သော ခရီးသွားလုပ်ငန်း ဖြေရှင်းချက်များအတွက် သင့် စီးပွားဖက်



ရုပ်ပုံကို Ascott Limited က ကျေးဇူးပြုပါသည်။

ie Singapore

Driving Singapore's External Economy




**Fraser Suites Sydney ၊ ဩစတြေးလျနိုင်ငံ**
2009, Serviced Apartment Property of the Year (Winner), ဟိုတယ်နှင့် နေရာထိုင်ခင်း ထူးချွန်ပြောက်မြောက်မှုအတွက် HM မဂ္ဂဇင်း ဆုများ

## International Enterprise Singapore

International Enterprise (IE) Singapore သည် စင်္ကာပူနိုင်ငံ၏ ပြင်ပ စီးပွားရေးကို တွန်းအားပေးသည့် အစိုးရ အေဂျင်စီဖြစ်သည်။ ကျွန်ုပ်တို့သည် စင်္ကာပူ အခြေစိုက် ကုမ္ပဏီများ၏ နိုင်ငံရပ်ခြားဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်ဦးရွက်ပြုပြီး နိုင်ငံတကာ ကုန်သွယ်မှုကို မြှင့်တင်ပေးသည်။

ထွက်ပေါ်လာနေသည့် ဈေးကွက်များစွာကို ဖြန့်ကြက်လျက် နေရာပေါင်း ၃၅ ခုကျော်တွင်ရှိသည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တစ်ခုဖြင့် ကျွန်ုပ်တို့သည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်း ချဲ့ထွင်မှုအတွက် သက်ဆိုင်ရာ စင်္ကာပူအခြေစိုက်ကုမ္ပဏီများအား စီးပွားရေးလုပ်ငန်းများနှင့် ဆက်သွယ်ပေးသည်။ အရည်အသွေးနှင့် တီထွင် ဆန်းသစ်မှုအတွက် ၎င်းတို့၏နှစ်မြှုပ်လုပ်ဆောင်မှုကြောင့် ကမ္ဘာတွင် ကျော်ကြားမှုက စင်္ကာပူအခြေစိုက်ကုမ္ပဏီများအား အကောင်းဆုံး စီးပွားဖက်များ ဖြစ်စေသည်။

ကျွန်ုပ်တို့သည် စင်္ကာပူအခြေစိုက်ကုမ္ပဏီများနှင့်ပူးပေါင်း၍အာရှတွင် နိုင်ငံခြား စီးပွားရေး လုပ်ငန်းများကျယ်ပြန့်လာစေရန် စင်္ကာပူကို အခြေစိုက်စခန်းတစ်ခုအဖြစ်လည်း ထားရှိပါသည်။ စင်္ကာပူနိုင်ငံ၏ မဟာဗျူဟာကျသော တည်နေရာကြောင့် တမူထူးခြားသည့် အကျိုးကျေးဇူးများ၊ တည်ငြိမ်သည့် အစိုးရ၊ ယှဉ်ပြိုင်နိုင်သည့် လုပ်သားအင်အားနှင့် စီးပွားရေးလုပ်ငန်းကို အထောက်အကူပြုသည့် ပတ်ဝန်းကျင်တို့က ၎င်းကို ဒေသ၏ စံပြစတင်ရာနေရာတစ်ခု ဖြစ်စေသည်။

ပိုမိုသိရှိလိုပါက **www.iesingapore.com** ကို ဝင်ရောက်ကြည့်ရှုပါ။

**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆွဲဆောင်မှုရှိသော ပတ်ဝန်းကျင်တစ်ခုရှိသည်ဟု ကမ္ဘာတစ်လွှားတွင် အသိအမှတ်ပြုခံရပြီး ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းတို့ပတ်ဝန်းကျင်၏ ဆွဲဆောင်နိုင်မှုအတွက် နိုင်ငံများကို တိုင်းတာသည့် ကမ္ဘာ့စီးပွားရေး ဖိုရမ်၏ ၂၀၀၉ ခုနှစ် ခရီးသွားလုပ်ငန်း ယှဉ်ပြိုင်နိုင်မှု အစီရင်ခံစာ၌ စင်္ကာပူသည်အာရှတွင် ထိပ်တန်း၌ရှိနေပြီး ကမ္ဘာတစ်ဝှမ်းလုံးတွင် ဒသမမြောက်အဆင့် သတ်မှတ်ခြင်းခံခဲ့ရသည်။**

ဤကောင်းမွန်သည့်ပတ်ဝန်းကျင်က စင်္ကာပူတွင်သာမက ဒေသတစ်ဝှမ်းနှင့် ကမ္ဘာတစ်ဝှမ်းတွင်ပါ တိုးတက်ကြီးထွားနေသည့် ခရီးသွားလုပ်ငန်းကဏ္ဍအား ဝန်ဆောင်မှုပေးခြင်းကိုအဓိကလုပ်ဆောင်နေသည့် စင်္ကာပူအခြေစိုက်ကုမ္ပဏီများအဖွဲ့၏ ကြီးထွားမှုကို တွန်းအားပေးသည်။

စင်္ကာပူအခြေစိုက်ကုမ္ပဏီများသည် ဧည့်ဝတ်ကျေပွန်ပျူငှာမှု၊ MICE၊ အပျော်စီးသင်္ဘောဆိုင်ရာ အခြေခံအဆောက်အအုံနှင့်ဆွဲဆောင်မှုကဏ္ဍများတွင် ပြီးပြည့်စုံသည့်ဝန်ဆောင်မှုများစွာကို ပေးကမ်းခြင်းဖြင့် ပင်လယ်ရပ်ခြား ခရီးသွားလုပ်ငန်းစီမံကိန်းများတွင် စီးပွားဖက် မြောက်မြားစွာနှင့် လုပ်ကိုင်ဆောင်ရွက်သည်။ ဤအတွေ့အကြုံသည် တီထွင်ဆန်းသစ်သည့်အထူးဖြေရှင်းချက်များ ပေးအပ်ရန် စီးပွားဖက်များရှာဖွေနေသည့် ကုမ္ပဏီများအနေဖြင့် ၎င်းတို့ကို ဤနေရာတွင် ရှာဖွေတွေ့ရှိနိုင်သည်ဟုဆိုလိုသည်။

## ထူးချွန်ပြောင်မြောက်မှုအတွက် ဂုဏ်သတင်း

စင်္ကာပူနိုင်ငံသည် အာရှ၏အချက်အချာတွင်ရှိသည့်တစ်ကမ္ဘာတစ်လုံးဆိုင်ရာ မြို့တစ်မြို့အဖြစ်အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ အကောင်းဆုံးအရာများကို စုစည်းထားသည်။ ၎င်းမှာ အနောက်တိုင်းပုံစံ စီမံခန့်ခွဲမှု စနစ်များကို အာရှပုံစံထုတ်ကုန်များနှင့် ဝန်ဆောင်မှုများတို့ဖြင့် ပေါင်းစပ်သည့် စင်္ကာပူအခြေစိုက်ခရီးသွားလုပ်ငန်း ကုမ္ပဏီများအတွက်လည်း မှန်ကန်ပေသည်။ ခေတ်မီ ကျင့်ထုံးများနှင့် နောက်ဆုံးပေါ်နည်းပညာများအား ဤဒေသ၏ ကြွယ်ဝလှသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ဤကဲ့သို့ ပေါင်းစပ်မှုသည် တမူထူးခြားသည့် ခရီးသွားလုပ်ငန်း ကမ်းလှမ်းမှုကို ဖြစ်ပေါ်စေသည်။

အရည်အသွေးနှင့် အသေးစိတ်အပေါ်တွင် စေ့စေ့စပ်စပ်ဂရုစိုက်မှုကြောင့် စင်္ကာပူ အခြေစိုက် ဧည့်ဝတ်ကျေပွန်ရေးကုမ္ပဏီများက အာရှ၏အကောင်းဆုံး ဟိုတယ်များအတွက် the Condé Nast Gold List နှင့် World Travel Awards ကဲ့သို့သောဆုများအပါအဝင် နိုင်ငံတကာအသိအမှတ်ပြုမှုကို ရရှိကြသည်။ ဤနိုင်ငံရှိ ကုမ္ပဏီများသည် ၎င်းတို့ပေးအပ်သည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ တီထွင်ဆန်းသစ်သည့် ဖြေရှင်းချက်များပေးရန် ရေရှည်တည်တံ့သည့် နောက်ဆုံးပေါ် ဒီဇိုင်းကိုလည်း ဖြည့်သွင်းပေါင်းစပ်သည်။

စင်္ကာပူနိုင်ငံသည် နိုင်ငံတကာပွဲများကို လက်ခံကျင်းပမှုတွင် ခိုင်မာသောလက်တွေ့မှတ်တမ်းရှိပြီး ကမ္ဘာ့အဆင့်မီ အဆောက်အအုံများ၊ နေရာထိုင်ခင်းများနှင့် ဝန်ဆောင်မှုပေးအပ်သူများလည်း ရှိထားခြင်းဖြင့် MICE လုပ်ငန်းအတွက် အင်အားရှိသည့် ဗဟိုဌာနတစ်ခုဖြစ်သည်။ အမှန်စင်စစ် တစ်ကမ္ဘာတစ်လုံးဆိုင်ရာ လုပ်ငန်း အသင်းအဖွဲ့တစ်ခုဖြစ်သည့် Union of International Associations အသင်း၏ ကမ္ဘာ့ထိပ်တန်း အစည်းအဝေးမြို့တော်အဖြစ် ၂၀၀၈ ခုနှစ်တွင် နှစ်နှစ်ဆက်တိုက် အဆင့်သတ်မှတ်ခံရခြင်းသည် စင်္ကာပူနိုင်ငံရှိဤလုပ်ငန်း၏ ကျယ်ပြန့်မှုနှင့် အတိမ်အနက်ကို သက်သေပြနေသည်။

အပျော်စီးသင်္ဘောနှင့် ကူးတို့သင်္ဘောဆိုင်ရာ အခြေခံအဆောက်အအုံလုပ်ငန်းရှိ စင်္ကာပူအခြေစိုက်ကုမ္ပဏီများသည် ချီးကျူးဂုဏ်ပြုမှုများကိုလည်း ရရှိကြသည်။ ဥပမာအားဖြင့် အပျော်စီးသင်္ဘောနှင့်ကူးတို့သင်္ဘောဆိပ်များကို စီမံခန့်ခွဲသည့် စင်္ကာပူကုမ္ပဏီတစ်ခုဖြစ်သည့် Singapore Cruise Centre သည် ၎င်း၏ စွမ်းရည်ထက်မြက်သည့် ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအတွက် ၁၉၉၇ ခုနှစ်မှစ၍ Dream World Cruise Destination Awards ဆု ၁၉ ခုကို ရရှိခဲ့ပြီးဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည် ဆွဲဆောင်မှုနယ်ပယ်တွင် စင်္ကာပူအခြေစိုက် ကုမ္ပဏီများသည် ဧည့်သည်များအတွက် အပန်းဖြေအတွေ့အကြုံ ပိုမိုကောင်းမွန်စေမည့် နည်းလမ်းသစ်များကို အစဉ်တစိုက် ရှာဖွေနေပါသည်။ အာရှတွင် ‘ရေအောက်ကမ္ဘာ Underwater World’ စိတ်ကူးစိတ်သန်းကို စတင်မိတ်ဆက်ပေးသည့် အစဦးလုပ်ငန်း ဆောင်ရွက်သူများ အနက်တစ်ခုအပါအဝင်ဖြစ်သည့် စင်္ကာပူအားလပ်ရက်အပန်းဖြေမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု အုပ်စုတစ်ခုဖြစ်သော Haw Par Corporation Limited သည် ဥပမာတစ်ခုဖြစ်သည်။ ထိုအဖွဲ့သည် လက်ရှိတွင် စင်္ကာပူနှင့်ထိုင်းနိုင်ငံတို့တွင် ပင်လယ်ရေအောက်ပြတိုက်နှစ်ခုကို ပိုင်ဆိုင်ပြီး လည်ပတ်လုပ်ဆောင်လျှက်ရှိပါသည်။





ရုပ်ပုံကို Banyan Tree က ကျေးဇူးပြုပါသည်။

**Banyan Tree Laguna Hue ၊ ဗီယက်နမ်**
ဗီယက်နမ်နိုင်ငံတွင် တည်ဆောက် အကောင်အထည်ဖော်မည့် ဘက်စုံပေါင်းစည်းထားသည့် အကြီးဆုံး အဆင့်မြင့် အပန်းဖြေစခန်းများအနက် တစ်ခု

## နိုင်ငံရပ်ခြားကို ကြည့်ရှုခြင်း

ခရီးသွားလုပ်ငန်း ထူးချွန်ပြောင်မြောက်မှုကို ပေးစွမ်းနိုင်သည့် လေ့ကျင့်သင်ကြားပေးထားသည့် လုပ်သားအင်အားဖြင့် စင်္ကာပူအခြေစိုက် ကုမ္ပဏီများကို အတိုင်ပင်ခံခြင်းနှင့် အကောင်အထည်ဖော်ခြင်းမှသည် လည်ပတ်လုပ်ဆောင်ရေးနှင့် စီမံခန့်ခွဲမှုအထိ ခရီးသွားလုပ်ငန်း တန်ဖိုးကွင်းဆက် တစ်လျှောက်တွင် အရည်အသွေးရှိသည့် ဝန်ဆောင်မှုများနှင့် ဖြေရှင်းချက်များပေးအပ်ရန် ကောင်းစွာ နေရာချထားသည်။

စင်္ကာပူနိုင်ငံ၏ ဧည့်ဝတ်ကျေပွန်ပျူငှာရေး သင်တန်းကျောင်းများက ဧည့်ဝတ်ကျေပွန်ပျူငှာ ထူးချွန်ပြောင်မြောက်မှုအတွက် ဆက်လက် တွန်းအားပေးနေပြီး ၎င်းကို ဒေသတွင်းနှင့် ကမ္ဘာတစ်လွှားသို့ စတင် တင်ပို့ပြီဖြစ်သည်။ ၎င်းတို့၏ အစီအစဉ်များနှင့် အတတ်ပညာပိုင်း ဆိုင်ရာကျွမ်းကျင်မှုကို မိမိတို့၏ ခရီးသွားလုပ်ငန်း လုပ်သားအင်အားကို အဆင့်မြှင့်တင်ရန် ရှာဖွေနေကြသည့် နိုင်ငံရပ်ခြား စီးပွားဖက်များနှင့် မကြာခဏ မျှဝေသည်။

စင်္ကာပူအခြေစိုက် ကုမ္ပဏီများသည် နိုင်ငံရပ်ခြားတွင် ဟိုတယ်၊ အပန်းဖြေစခန်းနှင့် ဝန်ဆောင်မှုပေးသည့် အိမ်ရာ ၅၀၀ ကျော်ကို လည်ပတ်လုပ်ဆောင်နေသည်။ တရုတ်၊ အိန္ဒိယ၊ အရှေ့တောင်အာရှကဲ့သို့သော ဈေးကွက်များနှင့် ရပ်ဝေးတွင်ရှိသည့် မော်ရိုကို၊ ကျူနီးရှားနှင့် ဗြိတိသျှဗာဂျင်း ကျွန်းများကဲ့သို့သော နိုင်ငံများရှိ ၎င်းတို့၏ အတွေ့အကြုံများက ကျယ်ပြန့်သော ကမ္ဘာတစ်လွှားကွန်ရက်တစ်ခုကို ဖန်တီးပေးသည်။

ဤသို့ခိုင်မာသည့် ကမ္ဘာတစ်လွှားအချိတ်အဆက်များနှင့် နိုင်ငံရပ်ခြား ယဉ်ကျေးမှုများစွာနှင့် အကျွမ်းတဝင်ရှိခြင်းသည် စင်္ကာပူအခြေစိုက်ခရီးသွားလုပ်ငန်း ကုမ္ပဏီများအား နိုင်ငံရပ်ခြား ဈေးကွက်သစ်များတွင် မြင့်မားသော တန်ဖိုးထပ်ပေါင်းထားသည့် စီးပွားဖက်များဖြစ်စေသည်။ ထိုကုမ္ပဏီများသည် ၎င်းတို့၏ စီမံကိန်းများတွင် တီထွင်ဆန်းသစ်သော ဒီဇိုင်းများနှင့် ဝန်ဆောင်မှုများကို လျှင်မြန်ထိရောက်စွာ မိတ်ဆက်ပေးရန် မိမိတို့၏အတွေ့အကြုံများကို အသုံးချနိုင်ကြသည်။

နိုင်ငံရပ်ခြားကို ကြည့်ရှုနေသည့် စင်္ကာပူအခြေစိုက် ကုမ္ပဏီတစ်ခု၏ ဥပမာမှာ Banyan Tree ဖြစ်သည်။ ဤကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံတွင် ဘက်စုံပေါင်းစည်းသည့် အကြီးဆုံး အဆင့်မြင့် အပန်းဖြေစခန်းများအနက် တစ်ခုဖြစ်မည့် Laguna Hue ကို တည်ဆောက် အကောင်အထည်ဖော်နေသည်။ ၎င်းတွင် နိုင်ငံတကာ ဟိုတယ်နှင့် အပန်းဖြေစခန်း အမှတ်တံဆိပ် ခုနစ်ခုက စီမံခန့်ခွဲမည့် အခန်းပေါင်း ၂၀၀၀ ဝန်းကျင်အပြင် Nick Faldo က ပုံစံထုတ်ထားသည့် ၁၈ ကျင်း ဂေါက်ကွင်းတစ်ခု၊ ညီလာခံ အဆောက်အအုံများနှင့် လက်ကားနှင့် အပန်းဖြေမှုဆိုင်ရာ လုပ်ဆောင်မှုများပါဝင်သည့် မြို့ဗဟိုဌာနတစ်ခုပါဝင်သည်။

MICE လုပ်ငန်းအတွက် အင်အားရှိသည့် ဗဟိုဌာနတစ်ခုအဖြစ် စင်္ကာပူနိုင်ငံသည် နာမည်ကျော်ကြားသည့် နိုင်ငံတကာ MICE အခမ်းအနားများကို ဆက်လက် ဆွဲဆောင်နေသည်။ စင်္ကာပူနိုင်ငံအပြင် စင်္ကာပူအခြေစိုက် MICE ကုမ္ပဏီများသည် ပြပွဲများနှင့် ညီလာခံ ဗဟိုဌာနများကို စီမံခန့်ခွဲရန်နှင့် နိုင်ငံရပ်ခြားတွင် ကမ္ဘာ့အဆင့်မီ အခမ်းအနားများကို ဆောင်ရွက်ရန် ၎င်းတို့၏ စွမ်းရည်ကိုလည်း ပြသနိုင်ခဲ့ပြီးဖြစ်သည်။ ဤကုမ္ပဏီများအနက် များစွာတို့သည် ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုကဲ့သို့သော နိုင်ငံများတွင် နိုင်ငံရပ်ခြား စီမံကိန်းများကို လက်ခံဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဥပမာအားဖြင့် IMF နှစ်ပတ်လည် အစည်းအဝေးများနှင့် ရှန်ဟိုင်း ကမ္ဘာ့ကုန်စည်ပြပွဲ ၂၀၁၀ ပနက်တင်အခန်းအနားများသည် စင်္ကာပူအခြေစိုက် MICE ကုမ္ပဏီများက စီမံခန့်ခွဲသည့် အဓိက နိုင်ငံတကာအခမ်းအနားများဖြစ်ကြ သည်။

ထိုနည်းတူ စင်္ကာပူနိုင်ငံတွင် ခိုင်မာသော ခြေရာခံမှတ်တမ်းရှိသည်နှင့်အမျှ စင်္ကာပူအခြေစိုက် အပျော်စီးသင်္ဘောနှင့် ကူးတို့သင်္ဘော အခြေခံအဆောက်အအုံ ကုမ္ပဏီများတွင် အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုများအတွက် ကြီးထွားများပြားလာနေသော ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းဆောင်ရည်နှင့် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများရှိကြသည်။ အပျော်စီးသင်္ဘော ခရီးသွားလုပ်ငန်းအပြင် ကူးတို့သင်္ဘော၊ နေထိုင်ရေး၊ စီးပွားရေးနှင့် ဧည့်ဝတ်ကျေပွန်မှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ရင်းမြစ်များစွာလိုအပ်သည့် ဘက်ပေါင်းစုံစုစည်းထားသည့် ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးကို ကမ်းလှမ်းရန် ဤကုမ္ပဏီများတွင် စွမ်းဆောင်ရည်များရှိကြသည်။



ရုပ်ပုံကို Singapore Cruise Centre က ကျေးဇူးပြုပါသည်။

**SCC@HarbourFront Cruise Terminal၊ စင်္ကာပူ**

Singapore Cruise Centre’s HarbourFront အပျော်စီးသင်္ဘောဆိပ် တွင်တွေ့ရသည့် အပျော်စီးသင်္ဘောတစ်စီး။ Singapore Cruise Centre သည် ၎င်း၏ စွမ်းရည်ထက်မြက်သည့် ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအတွက် ၁၉၉၇ ခုနှစ်မှ စ၍ Dream World Cruise Destination Awards ဆု ၁၇ ခုကို ရရှိခဲ့ပြီးဖြစ်သည်။

**Pan Pacific Whistler Village Centre၊ ကနေဒါ**

၂၀၀၈ခု၊ ကမ္ဘာ့နေထိုင်ရန် အကောင်းဆုံးနေရာများ (အမှတ် ၂)၊ Condé Nast Traveler Annual Gold List



ရုပ်ပုံကို Pan Pacific က ကျေးဇူးပြုပါသည်။

**ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်**

အဘူဒါဘီ
ဘန်ကောက
ပီကင်း
ချန်ဒူ
ချန်နိုင်း
ချုံကင်
ဒါလီယန်
ဒိုဟာ
ဒူဘိုင်း
ဖရန့်ဖွတ်
ဂေါင်ဇူ
ဟန်ချိုင်း
ဟိုချီမင်း
အစ္စတန်ဘူ
ဂျကာတာ
ဂျတ္တတ်
ဂျိုဟန်နစ္စဘတ်
ကွာလာလန်ပူ
လန်ဒန်
လော့စ်အင်ဂျလိစ်
မက္ကဆီကို စီတီ
မော်စကို
မွန်ဘိုင်း
နယူးဒေလီ
နယူးယော့ခ်
ကွင်ဂါအို
ရိယတ်
စောပေါ်လို
ဆိုးလ်
ရှန်ဟိုင်း
ဆူရာဘယ
ဆစ်ဒနီ
တိုက်ပေ
တိုကျို
ဝူယန်
ရှီယန်
ရန်ကုန်

ဤလက်ကမ်းစာစောင်ကို
ပြန်လည်သန့်စင်သည့်စက္ကူပေါ်တွင်
ပဲပုပ်မင်ကို အသုံးပြု၍ ရိုက်နှိပ်သည်။

V1/Mar 2012


**International Enterprise Singapore**
230 Victoria Street #10-00
Bugis Junction Office Tower
Singapore 188024

1800-IESPORE (1800-4377673) local toll-free
**T** +65 6337 6628
**F** +65 6337 6898
**www.iesingapore.com**


Singapore
Driving Singapore's External Economy